အင်ဒီယားနား မျိုးရိုးဗီဇ နှင့် မွေးကင်းစကလေး ဆိုင်ရာ စစ်ဆေးမှု

# မွေးကင်းစကလေးငယ်ကို စမ်းသပ်စစ်ဆေးပြီးနောက်

Indiana Department of Health



## သွေးစက်ခြောက်အကွက်များက ဘာလဲ။

မွေးဖွားပြီးနောက် ကလေးငယ်၏ ခြေဖနောင့်ကို အပ်နှင့်ထိုး၍ သွေးစက်အနည်းငယ် ထုတ်ယူပြီး ကျန်းမာရေးဆိုင်ရာ ပြင်းထန်သော ရောဂါအခြေအနေများရှိမရှိ စမ်းသပ်စစ်ဆေးရန်အတွက် ယင်းသွေးစက်များကို အထူးစက္ကူပေါ်တွင် ချထားပါသည်။ စမ်းသပ်စစ်ဆေးမှုပြီးနောက် သွေးအချို့ကျန်နေနိုင်ပါသည်။ မွေးကင်းစကလေးကို စမ်းသပ်စစ်ဆေးပြီးနောက် ကျန်ရှိသော ကလေးငယ်၏ သွေးစက်အကွက်များ နှင့်ပတ်သက်ပြီး ဘာလုပ်မည်ကို မိသားစုများအနေနှင့် ဆုံးဖြတ်ပိုင်ခွင့်ရှိသည်။

*မွေးကင်းစကလေးကို စမ်းသပ်စစ်ဆေးပြီးနောက် ကျန်ရှိသော ကလေးငယ်၏ သွေးစက်အကွက်များ နှင့်ပတ်သက်ပြီး ဘာလုပ်မည်ကို မိသားစုများအနေနှင့် ဆုံးဖြတ်ပိုင်ခွင့်ရှိသည်။*

## သင့်ကလေးငယ်၏ သွေးစက်ခြောက်အကွက်များကို သိမ်းဆည်းခြင်း၏ အကျိုးကျေးဇူးများ

- **အသက်ကယ်ရန်အတွက် အထောက်အကူဖြစ်သည်။** ကိုယ်ရေးအချက်အလက် ဖော်ပြမထားသော သွေးစက်အကွက် သုတေသနမှ လေ့လာတွေ့ရှိနိုင်သော အချက်အလက်များသည် အသက်အန္တရာယ်ရှိသော ရောဂါအခြေအနေများကို ဖော်ထုတ်ခြင်း နှင့် ကုသခြင်းတွင် ပိုမိုကောင်းမွန်လာစေသည်။
- အခြားသော စမ်းသပ်စစ်ဆေးမှုအတွက် သင့်ကလေးထံမှ နောက်ထပ်သွေးထုတ်ရန် လိုအပ်မှုကို လျှော့နည်းနိုင်စေသည်။
- **အခမဲ့ဖြစ်သည်။** သိမ်းဆည်းမှုလုပ်ငန်းစဉ်၏ မည်သည့်အစိတ်အပိုင်း အတွက်မဆို မိသားစုများထံမှ စရိတ်တောင်းခံခြင်းမရှိပါ။
- အင်ဒီယားနား၏ ဓာတ်ခွဲခန်းသည် စမ်းသပ်စစ်ဆေးမှု ကိရိယာများ မှန်ကန်စွာ အလုပ်လုပ်နေကြောင်း သေချာစေရန်အတွက် သိမ်းဆည်းထားသော သွေးစက်အကွက်များ လိုအပ်ပါသည်။

သင့်ကင်မရာဖြင့် QR ကုဒ်ကိုချိန်ပြီး ဝက်ဘ်ဆိုက်တွင်ကြည့်ရှုပါ။

NEWBORN SCREENING INDIANA

# မိမိ၏ရွေးချယ်မှုကို ဘယ်လိုရေးမှတ်ရလဲ၊ ထို့နောက် ဘာဖြစ်လာမလဲ။

Indiana Department of Health

**သွေးကို 3 နှစ်ကြာ သိမ်းဆည်းလိုပါက သဘောတူခွင့်ပြုချက်ကဒ်တွင် “ဟုတ် (YES)” ကို ခြစ်မှတ်ပါ။လက်မှတ်ထိုးရန် နှင့် ရက်စွဲတပ်ရန်အတွက်လည်း သေချာစွာဆောင်ရွက်ပါ။** သာမန်စစ်ဆေးမှု ပြီးသွားသောအခါ သွေးစက်အကွက်များကို-

- စုစည်းပြီးနောက် 3 နှစ်ကြာသောအခါ ဖျက်ဆီးပစ်ပါ**လိမ့်မည်**။
- စောင့်ကြည့်ထားသော ဆေးရုံအဆောက်အအုံတွင် လုံခြုံစွာသိမ်းဆည်းထားပါ**လိမ့်မည်**။
- မိဘများ၏ ခွင့်ပြုချက်ဖြင့် သင့်ကလေးငယ်၏ ဆရာဝန် အနေနှင့် နောက်ထပ်စစ်ဆေးမှုများ အတွက် အသုံးပြု**နိုင်သည်**။
- ဓာတ်ခွဲခန်းကိရိယာများကို စမ်းသပ်ရန်အတွက် အသုံးပြု**နိုင်သည်**။
- ကိုယ်ရေးအချက်အလက် ဖော်ပြမထားသော သုတေသနအတွက် အသုံးပြု**နိုင်သည်**။ သိမ်းဆည်းထားသော သွေးစက်အကွက်များသည် ရောဂါအခြေအနေ ရှာဖွေတွေ့ရှိရန် နှင့် ရွေးချယ်စရာ ကုသနည်းများ အတွက် လူ့အသက်ကိုကယ်သည့် ကိုယ်ရေးအချက်အလက် ဖော်ပြမထားသော သုတေသနတွင် အထောက်အကူဖြစ်ပါသည်။ ထွက်ပေါ်လာသောရလဒ်များသည် ကျွန်ုပ်တို့၏ပြည်နယ်အနှံ့ နှင့် အမေရိကန်ပြည်ထောင်စုရှိ ကလေးငယ်များ နှင့် ၎င်းတို့၏မိသားစု များစွာတို့အတွက် အကျိုးကျေးဇူးများ ဖြစ်ပေါ်စေသည်။ မစိုးရိမ်ပါနှင့်၊ ကိုယ်ရေးအချက်အလက် ဖော်ပြမထားသော သွေးစက်အကွက်များကို ထုတ်မပေးမီ သုတေသနဆိုင်ရာ တောင်းဆိုချက်များကို တင်းကြပ်စွာ ပြန်လည်ကြည့်ရှုစစ်ဆေးပါသည်။ သုတေသန တောင်းဆိုချက်များ အားလုံးသည် ကိုယ်ရေးအချက်အလက် ဖော်ပြမထားသော ဒေတာအချက်အလက်ကိုသာ အသုံးပြုရမည် ဖြစ်သည့်အတွက် သင့်ကလေးငယ်၏ အမည် နှင့် ကိုယ်ရေးကိုယ်တာ အချက်အလက်များကို သုတေသနပြုသူများထံ ဘယ်သောအခါမှ ပေးအပ်မည်မဟုတ်ပါ။

**သွေးကို 3 နှစ်ကြာ မသိမ်းဆည်းလိုပါက သဘောတူခွင့်ပြုချက်ကဒ်တွင် “မလုပ် (NO)” ကို ခြစ်မှတ်ပါ။ လက်မှတ်ထိုးရန် နှင့် ရက်စွဲတပ်ရန်အတွက်လည်း သေချာစွာဆောင်ရွက်ပါ။** သာမန်စစ်ဆေးမှု ပြီးသွားသောအခါ သွေးစက်အကွက်များကို-

- စမ်းသပ်စစ်ဆေးမှုများ အတွက် 6 လကြာ လုံခြုံစွာသိမ်းဆည်းထားမည်၊ ထို့နောက် ဖျက်ဆီးပစ်ပါ**လိမ့်မည်**။
- သင့်ကလေးငယ်၏ ဆရာဝန်အနေနှင့် နောက်ထပ် စမ်းသပ်စစ်ဆေးမှုတခုခုတွင် အသုံးပြုရန်အတွက် ရယူနိုင်မည် **မဟုတ်ပါ**။
- သုတေသန သို့မဟုတ် ဓာတ်ခွဲခန်း သုံးကိရိယာ တိုးတက်ကောင်းမွန်ရေး အတွက် အသုံးပြုနိုင်မည် **မဟုတ်ပါ**။




သင့်ကင်မရာဖြင့် QR ကုဒ်ကိုချိန်ပြီး ဝက်ဘ်ဆိုက်တွင်ကြည့်ရှုပါ။

NEWBORN SCREENING
INDIANA